
LIFE
AFTER
RETURNED
ပြန်လည်အခြေချပြီးလူမှုဘဝ
ပြည်တွင်းနေရပ်သို့ပြန်လည်ဝင်ရောက်လာသည့်တိုင်းရင်းသားပြည်သူများအား
ပြန်လည်လက်ခံကြိုဆိုရေးအခမ်းအနား
မယ်စဲ့မြို့
၇-၅-၂၀၁၈
ရွှေသီဟာ
ကုလသမဂ္ဂပြည်နယ်အစိုးရအဖွဲ့
မှ
ထောက်ပံ့လှူဒါန်းပါသည်။
SUNCUE, SATAKE , ANCOO စသည့်ခေတ်မီစက်သစ်ကြီးများဖြင့် အထူးသန့်စင်ထားပါသည်။
ကြိတ်ခွဲမှုစနစ် အရောင်တင်ပြီး သန့်စင်ပြီး ချက်ပြုတ်ရန်အသင့်
ထုတ်လုပ်သူ - ရွှေသီဟာ ဆန်စက်








ပြန်လည်ဝင်ရောက်လာသည့်တိုင်းရင်းသားပြည်သူများ
ပြန်လည်လက်ခံကြိုဆိုရေးအခမ်းအနား
၇-၅-၂၀၁၈


ရွှေဘိုပေါ်ဆန်းမွှေး
ရွှေသီတာ
ကယားပြည်နယ်အစိုးရအဖွဲ့
မှ
ထောက်ပံ့လှူဒါန်းပါသည်။
100%
၁၂ ကီလိုဂရမ်

အစီရင်ခံစာထုတ်ဝေသည့်အဖွဲ့အစည်း ။ ။ ဒုက္ခသည်နေရာပြန်လည်ချထားရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းအဖွဲ့။ (KnRRRWG)

အုပ်ရေ ။ ။ (၅၀၀)

ရန်ပုံငွေပံ့ပိုးကူညီသူ ။ ။

WITH FUNDING FROM AUSTRIAN DEVELOPMENT COOPERATION

Caritas Austria

မေတ္တာ Metta Development Foundation

ပေါင်းကူး

# မာတိကာ


| | |
|---|---|
| ၁။ နိဒါန်း | ၁ |
| ၂။ KnRRRWG အကြောင်း | ၃ |
| ၃။ မိမိ ဆန္ဒ အလျှောက်နေရပ်ပြန်ရေးနှင့်UNHCR ၏ပြည်တော်ပြန်လုပ်ငန်း စဉ်အဆင့်ဆင့် (၁၁) ချက် | ၇ |
| ၄။ အကြောင်းအရာခေါင်းစဉ်၊တွေ့ရှိချက်၊စိန်ခေါ်မှုနှင့်အခက်အခဲများ။ | ၈ |
| ၅။ သုံးသပ်ချက် | ၁၉ |
| ၆။ အကြံပြုချက်များ | ၂၂ |
| ၇။ နိဂုံး ( KnRRRWG ၏တိုက်တွန်းအကြံပြုချက်) | ၂၄ |

# နိဒါန်း

ကရင်နီပြည်အတွင်းနှစ်ပေါင်း၇၀ပြည်တွင်းစစ်ကြောင့်ကရင်နီပြည်မှလူမျိုးစုများသည်ထိုင်း–မြန်မာနယ်စပ်ရှိကရင်နီဒုက္ခသည်စခန်းအမှတ်(၁)နှင့်အမှတ်(၂)စခန်းများတွင်ယာယီဒုက္ခသည်အဖြစ်နှစ်ပေါင်း(၂၀)ကျော်ကြာအောင်မိမိတို့၏နေရပ်အိုးအိမ်များကိုစွန့်ခွာနေထိုင်နေကြရသည်။၂၀၁၂ခုနှစ်မတ်လ(၇)တွင်မြန်မာနိုင်ငံအစိုးရနှင့်ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)အကြား ပြည်နယ်အဆင့်နှင့်ပြည်ထောင်စုအဆင့်အပစ်ခတ်ရပ်စဲရေးသဘောတူစာချုပ်ကိုချုပ်ဆိုပြီးကရင်နီပြည်နယ်တွင်တည်ငြိမ်အေးချမ်းမှုတစ်စုံတစ်ရာပေါ်ထွန်းလာခဲ့သည်။ ပြည်နယ် ငြိမ်းချမ်းရေးနှင့်တပြိုင်တည်းတွင် ဒုက္ခသည်များပြန်လည်အခြေချနိုင်ရေးကိစ္စသည်လည်းစခန်းအတွင်းသော်လည်းကောင်းပြည်တွင်းအခြေပြုအဖွဲ့အစည်းများတွင်လည်းကောင်းစဉ်းစားချက်များနှင့်ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများအတွက်ဆွေးနွေးခဲ့ကြသည်၊ အခြားတစ်ဘက်တွင်လည်းမြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးဖြစ်စဉ်သည်လည်းမသေချာမရေရာလှသည့်အပြင် KNPP သည် လက်ရှိအချိန်ထိ NCA ကိုလက်မှတ်ရေးထိုးခြင်းမရှိသေးသည့်စသည့်နိုင်ငံရေးနှင့်ငြိမ်းချမ်ရေးရေးသည်မတည်မငြိမ်ကာလဖြစ်နေပါသော်လည်းနိုင်ငံတကာအလှူရှင်–များ၏လူသားချင်းစာနာထောက်ထားသည့်အကူအညီများတစ်နှစ်ထက်တစ်နှစ်လျော့ချလာခြင်းသည်လည်းဒုက္ခသည်များမိမိနေရပ်ပြန်ရေးကိုပိုမိုတွန်းအားဖြစ်လာစေသည်၊တစ်ချိန်တည်းတွင်ထိုင်း–မြန်မာအစိုးရများမှလည်းဒုက္ခများမိမိဆန္ဒအလျောက်နေရပ်ပြန်ရေးMOUစာချွန်လွှာရေးထိုးခြင်းနှင့်ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏UN-HCR-VRC အစီအစဉ်များအား၂၀၁၇ခုနှစ်မှစတင်ကာအကောင်အထည်ဖော်ဆောင်ရွက်လာခဲ့သည်၊ ၂၀၁၈ခုနှစ်မေလ(၇)ရက်နေ့၌တွင်မိမိဆန္ဒအလျောက်ပြန်လည်အခြေချသူ(၂၀)ဦးမိသားစု(၅)စုသည်ကယား(ကရင်နီ)ပြည်နယ်သို့ပထမအသုတ်အဖြစ်ပြန်လည်အခြေချခဲ့ကြသည်၊ထို့အတွက်ကြောင့်မိမိတို့ကရင်နီဒုက္ခသည်များပြန်လည်နေရာချထား ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့မှပြန်လည်အခြေချသူများ၏လူမှုဘဝအခြေအနေတစ်ရပ်ကိုသိရှိနိုင်ရန်နှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်အဆင့်ဆင့်ကို ပိုမိုသိရှိနိုင်ရန်အတွက် “ Life After Re-turned” “ ပြန်လည်အခြေချပြီး လူမှုဘဝ”ဆိုသည့်စစ်တမ်းတစ်စောင်ပြုစုထုတ်ဝေရန်ဆုံးဖြတ်ခဲ့ကြသည်၊ယခုစစ်တမ်းသည်ဒုက္ခသည်များပြန်လည်အခြေချပြီး(၄၅)ရက်အလွန်၂၀၁၈ခုနှစ်ဇွန်လ၂၇ရက်နေ့မှတစ်လတိတိစစ်တမ်းကောက်ယူခဲ့သည်၊စစ်တမ်းကောက်ယူရာတွင်မိသားစုတစ်စုလျှင်နှစ်ကြိမ်ထက်မနည်းလူတွေ့မေးမြန်းခဲ့ကြသည်။ထို့ကြောင့်ယခုစစ်တမ်းသည်ပြီးပြည့်စုံသည့်စစ်တမ်းတစ်ခုဖြစ်မည်မဟုတ်ပေ။ သို့ပါသော်လည်းယခုစစ်တမ်းမှရရှိသောအချက်အလက်များသည်

သက်ဆိုင်ရာအစိုးရများ၊တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်အရပ်ဖက်အဖွဲ့အစည်းများစွာ အကျိုးဖြစ်ထွန်းစေမည်ဟုမျှော်လင့်ပါသည်။ထို့အပြင်ဒုက္ခသည်စခန်း တွင်နေထိုင်နေဆဲဖြစ်သည့်ဒုက္ခသည်များနှင့်လူသားချင်းစာနာ ထောက်ထားသည့်အကူအညီများပေးနေသည့်နိုင်ငံတကာအဖွဲ့အ စည်းများနှင့်အစိုးရများအတွက်အကျိုးဖြစ်ထွန်းမည်ဟုမျှော်လင့်ပါသည်။ အချုပ်အားဖြင့်ယခုကာလသည်ဒုက္ခသည်များမိမိနေရပ်ပြန်လည်အ– ချေနေထိုင်ရန်အခြေအနေတစ်ရပ်သို့တွန်းပို့ကျရောက်လာ ပါသည်။ဒုက္ခ သည်များမိမိနေရပ်ပြန်ရေးသည်မိမိဆန္ဒအလျောက်ဖြစ်ရမည့်အပြင်လူ ဂုဏ်သိက္ခာရှိမှုနှင့်အညီလုံခြုံစိတ်ချစွာပြန်လည်အခြေချခြင်းဖြစ်ရမည် ဖြစ်ပါသည်။

# KnRRRWG အကြောင်းအကျဉ်းချုပ်

ကရင်နီဒုက္ခသည်နေရာပြန်ချထားရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ Karenni Refugee Repatriation and Reconstruction Working Group (KnR-RRWG)၏ မူလအစသည်မြန်မာနိုင်ငံအတွင်းကာလကြာလက်နက်ကိုင်ပဋိပက္ခကြောင့်ကရင်နီပြည်နယ်(ကယားပြည်နယ်)အတွင်းရှိကရင်နီလူမျိုးစုများသည်၁၉၈၇ခုနှစ်မှစပြီးထိုင်းနိုင်ငံတွင်ခိုလှုံခဲ့ကြရသည်။ကရင်နီဒုကက္ခသည်စခန်းနှစ်ခုရှိပြီးဘန်မိုင်နိုင်စွိုင် (Ban Mai Nai Soi)စခန်း(၁)နှင့်ဘန်မက်ဆူရင်းစခန်း(၂)တို့ဖြစ်ကြကာ၊လက်ရှိဒုက္ခသည်ပေါင်း(၁၂၀၀၀တစ်သောင်းနှစ်ထောင်)ခိုလှုံနေထိုင်လျက်ရှိပါသည်။ကရင်နီဒုကက္ခသည်ကော်မတီ၊စခန်းအခြေပြုအဖွဲ့အစည်းများ(Camp base org.)များနှင့်ကယားပြည်နယ်မှအရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSO)ပူးပေါင်းဆောင်ရွက်မှုဖြင့်ကရင်နီဒုက္ခသည်နေရပ်ပြန်ပို့ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအဖွဲ့(KnRRRWG) အား ၂၀၁၅ခုနှစ်၊ဧပြီလ ၂၆–၂၇ တွင်တည်ထောင်ခဲ့ပါသည်။ကရင်နီဒုက္ခသည်နေရပ်ပြန်ပို့ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအဖွဲ့(KnRRRWG)သည်ကရင်နီ၏အခြေအနေအမှန်နှင့်ဆက်စပ်အခြေအနေတွင်အခြေခံပေါက်ဖွားကာ၊ယင်းအခြေအနေကိုနှံ့စပ်သိမြင်သော၊ကရင်နီလူမှုအဖွဲ့အစည်းများကတိကဝတ်ပြုစုဖွဲ့ထားသည့်အဖွဲ့ဖြစ်ပါသည်။

– ကရင်နီဒုကက္ခသည်များနှင့်ပြည်တွင်းရွှေ့ပြောင်းခံသူများမိမိတို့စိတ်ဆန္ဒအလျောက်ဖြစ်သော(Voluntary)ဘေးကင်းလုံခြုံပြီး(Safe)ဂုဏ်သိက္ခာရှိသော (Dignified) နေရပ်ပြန်ရေးကိုပံ့ပိုးပေးနိုင်ရေးအတွက်လုပ်ငန်းဆောင်ရွက်ပါသည်။ နေရပ်ပြန်ခြင်းအားစနစ်တကျပြင်ဆင်ပြီး၊အစီအစဉ်ရေးဆွဲခြင်းဖြင့်နေရပ်ပြန်သူများ၏လိုအပ်ချက်များနှင့်အခွင့်အရေးများကိုစနစ်ကျပြီး၊ဘက်စုံပါဝင်သောကိုင်တွယ်ဖြေရှင်းခြင်းဖြစ်လာစေရန်သေချာအောင်လုပ်ဆောင်ပေးပါသည်။ထို့အပြင်နေရပ်ပြန်သူတို့၏အခက်အခဲများကိုခုခံတွန်းလှန်နိုင်စွမ်း(Resilience)ကိုတည်ဆောက်သည်နည်းတူ၊ကရင်နီ၏ဆက်စပ်အခြေအနေအတွင်းရေရှည်တည်ပြီးဂုဏ်သိက္ခာရှိသောအနာဂတ်ဖြစ်စေနိုင်မည့်အခြေအနေများကိုဖန်တီးပေးပါသည်။

– ကင်နီဒုက္ခသည်များနှင့်ပြည်တွင်းရွှေ့ပြောင်းခံရသူ(IDP)များအပြင်၊အထူးသဖြင့်ထိခိုက်ခံရနိုင်မှုအရှိဆုံး(most vulnerable)လူများ၏အသံများအားအရေးပေးကြားသိနိုင်ရန်လုပ်ဆောင်ပါသည်။

## မျှော်မှန်းချက်

နိုင်ငံရေးသို့မဟုတ်လက်နက်
ကိုင်ပဋိပက္ခများကြောင့်နေရပ်ရွှေ့ပြောင်းခံ
ရသူများသည်ဂုဏ်သိက္ခာဖြင့်နေရပ်ပြန်ကြသည်
သို့မဟုတ်
ပြန်လည်တည်ထောင်နိုင်ကြပြီး၊ငြိမ်းချမ်းသည့်လူမှု
အသိုင်းအဝိုင်းတွင်မိမိတို့၏ဘဝများကိုပြန်လည်တည်
ဆောက်နိုင်ကြသည်။

## လုပ်ငန်း၊လုပ်ပိုင်ခွင့်အာဏာ

လုပ်ပိုင်ခွင့်အာဏာ
(Mandate)မှာ IDP များနှင့်
ဒုက္ခသည်များကိုကာကွယ်စောင့်ရှောက်ရေး
နှင့် သူတို့သည် သူတို့၏ လူမှုအသိုင်းအဝိုင်းသို့ပြန်ချိန်
တွင် အရပ်သားအခွင့်အရေး(Civil rights)များရရှိနိုင်ကြစေရေး
၊ သက်ဆိုင်ရာလူမျိုး၊ ကိုးကွယ်ရာဘာသာ
နှင့် ကျား/မ သဘာဝရှုထောင့်များမှ ခွဲခြားဆက်ဆံခြင်းမျိုးမရှိသော
ညီညွတ်စွာပြန်လည်ပေါင်းစည်းရေး ဖြစ်စေရေးသေချာအောင်လုပ်
ဆောင်ရေးဖြစ်သည်။

# စံတန်းဖိုးများ

KnRRRWG သည်အောက်ပါစံတန်ဖိုးများကိုယုံကြည်ကာမြှင့်တင်ပေးပါသည်။

- လူသားဂုဏ်သိက္ခာ (Human dignity)
- ခွဲခြားဆက်ဆံမှုမပြုခြင်း/ဘက်မလိုက်ခြင်း (Non-Discrimination & Impartiality)
- ကွဲပြားစုံလင်မှုကိုရိုသေလေးစားခြင်း (Respect for diversity )
- ကွဲပြားစုံလင်ခြင်း၌စည်းလုံးညီညွတ်ခြင်း (Unity in diversity)
- အားလုံးပါဝင်ခြင်းနှင့် ပူးပေါင်းပါဝင်ခြင်း (Inclusiveness and participation)
- ဒုက္ခသည်များနှင့် ပြည်တွင်းရွှေ့ပြောင်းခံရသူများ၏ အသံကို ရှေ့တန်းတင်ခြင်း
- ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ အသွင်ပြောင်းခြင်း (Peace and conflict transformation)
- အဆင်သင့်ရှိခြင်းနှင့်ကြိုတင်ပြင်ဆင်မှုရှိခြင်း(Readiness and preparedness)

# ချဉ်းကပ်ပုံနည်းလမ်း

KnRRRWG သည် အောက်ပါချဉ်းကပ်ပုံနည်းလမ်းများဖြင့်လုပ်ငန်းဆောင်ရွက်မည်ဖြစ်သည်။

အခွင့်အရေးအခြေပြုချဉ်းကပ်ပုံနည်းလမ်း (ဒုက္ခသည်အခွင့်အရေးများသည် KnRRRWGလုပ်ငန်းဆောင်ရွက်မှု၏အဓိကတွန်းအားဖြစ်သည်)


ပဋိပက္ခကိုသတိမူသောချဉ်းကပ်ပုံနည်းလမ်း (ဖြစ်ပေါ်လာနိုင်သည့် ပဋိပက္ခကိုသတိမူမိခြင်းနှင့် ယင်းတို့ကိုရှောင်ကြဉ်ရန်သို့မဟုတ် လျော့ပါးစေရန်အတွက်အရေးယူဆောင်ရွက်ခြင်း)

နိုင်ငံတကာစံနှုန်းများနှင့် ရေရှည်တည်တံ့သော ဖြေရှင်းပုံနည်းလမ်း အခြေခံမှုများ (မည်သည့်နေရပ်ပြန်ပို့ရေးမဆို နိုင်ငံတကာစံနှုန်းများနှင့် ရေရှည်တည်တံ့သော ဖြေရှင်းပုံနည်းလမ်း အခြေခံမှုများဖြင့် ဆောင်ရွက်ရမည်။)

ကျား/မ သဘာဝ (Gender) ကိုသတိမူခြင်း (Gender sensitivit) (ကျား/မတရားမျှတရေးအတွက်လုပ်ဆောင်ခြင်း)

ရှေ့နေရှေ့ရပ်ပြုခြင်းချဉ်းကပ်ပုံနည်းလမ်း (Advocacy approac) (ဩဇာလွှမ်းမိုးမှုရှိသော သက်ဆိုင်သူများ၏ဆုံးဖြတ်ချက်များသည် KnRRRWG ၏မျှော်မှန်းချက်နှင့်လုပ်ပိုင်ခွင့်အာဏာများနှင့် ကိုက်ညီနေစေရန် သူတို့နှင့်အပြန်အလှန်ဆက်ဆံခြင်းနှင့် ရှေ့နေရှေ့ရပ်ပြုခြင်း)

# မိမိဆန္ဒအလျောက်နေရပ်ပြန်ရေးနှင့် UNHCR ၏ပြည်တော်ပြန်လုပ်ငန်းစဉ် အဆင့်ဆင့် (၁၁) ချက်



# အကြောင်းအရာခေါင်းစဉ်၊ တွေ့ရှိချက်၊ စိန်ခေါ်မှုနှင့်အခက်အခဲများ။

မိမိဆန္ဒအလျောက်ပြန်လည်အခြေချသူများ၏ဘဝပြန်လည်ထူထောင်းရေးနှင့်လူမှုပေါင်းစည်းရေးဆိုင်ရာအချက်လက်များကိုအောက်ပါကဏ္ဍကြီးခုနစ်ခုပေါ်မည်တည်ပြီးစစ်တမ်းကောက်ယူခဲ့ပါသည်။

## ၁။ အသက်မွေးဝမ်းကျောင်း

### ၁-၁။ အသက်မွေးဝမ်းကျောင်းဆိုင်ရာ စစ်တမ်းများကောက်ယူရရှိချက်များ

ကရင်နီဒုက္ခသည်စခန်းမှကရင်နီပြည်အတွင်းသို့ပထမဆုံးအသုတ်ပြန်လည်အခြေချသူမိသားစုငါးစုလုံးသည်စိုက်ပျိုးရေးကိုအခြေပြုသည့်မိသားစုအသက်မွေးဝမ်းကြောင်းကို အခြေပြုလုပ်ကိုင်ကြသည်။ သို့သော်လည်း မိုင်းလုံးရပ်ကွက်တွင်ပြန်လည်နေထိုင် (စာရင်းပေးချက်အရ) သောမိသားစုဝင်၏သားနှစ်ဦးမှာကား၊ဆိုင်ကယ်ရေဆေးဆီလိုက်ဆိုင်တွင်လခစားအဖြစ်သော်လည်းကောင်း၊သေးဆူလဲရွာတွင်ပြန်လည်နေထိုင်သောမိသားစုဝင်တစ်ဦးမှာအရပ်ဖက်လူမှုအဖွဲ့အစည်းတစ်ခုတွင်အချိန်ပိုင်းကွင်းဆင်းလုပ်သားအဖြစ်ဝင်ရောက်လုပ်ကိုင်နေသည်။ မိသားစုဝင်များစုသည်တောင်ယာလုပ်ငန်းနှင့်လယ်ယာလုပ်ငန်းများတွင်ကိုယ်ပိုင်မြေယာပေါ်တွင်သော်လည်းကောင်းမိဘဆွေမျိုးများ၏လယ်ယာမြေတွင်သော်လည်းကောင်း၊လယ်ယာလုပ်ငန်းများတွင်နေ့စားအလုပ်အဖြစ်ပေါ်သော်လည်းကောင်းအသက်မွေးဝမ်းကြောင်းပြုကြသည်။မိသားစုတစ်စုမှာဆွေမျိုးများထံမှမြေယာငှားရမ်းပြီးသီးနှံ၏သုံးပုံတစ်ပုံကိုမြေပိုင်ရှင်အားမြေငှားရမ်းခအဖြစ်ပေးဆောင်ရသည်။ပြန်လည်ခြေချသည့်မိသားစုများသည်နွမ်း၊မြေပဲနှင့်စပါးများကိုစိုက်ပျိုးရေးတွင်အဓိကထားအသက်မွေးဝမ်းကြောင်းပြုကြသည်။

## ၁-၂။ အသက်မွေးဝမ်းကျောင်းဆိုင်ရာတွေ့ရှိချက်များ

၁

အသက်မွေးဝမ်းကျောင်းပြုနိုင်ရန်အတွက်ပြန်လည်အခြေချသူအများစု (မိသားစုဝင်)သည်ကရင်နီပြည်သို့တရားဝင် ပြန်လည်ဝင် ရောက်မှုမ တိုင်ခင်ကတည်းကပင်ပြည်တွင်းတွင်အသက်မွေးဝမ်းကြောင်းဆိုင်ရာ အခွင့်အလမ်းများကိုကြိုတင်လေ့လာထားကြသည်။

၂

အချို့မိသားစုဝင်များသည် (၂နှစ်မှ ၃နှစ်)တိုင်တိုင် ပြန် လည်အခြေချလုပ်ကိုင်စားသောက်နိုင်ရန် အတွက် မြေယာအနေနှင့် လုပ်ကိုင်စားသောက်လိုသော ဒေသများကို လေလာ ထားကြသည်။

၃

အချို့သော မိသားစုဝင်များသည် အစိုးရဝမ်းထမ်းအဖြစ် သော်လည်းကောင်း၊ ကိုယ်ပိုင်အပ်ချုပ်ဆိုင်သော် လည်းကောင်း၊ ကိုယ်ပိုင်စာဖတ်ဝိုင်းဖြစ်သော်လည်းကောင်း အသက်မွေးဝမ်းကြောင်းပြုလိုကြသည်။

၄

မိသားစုဝင်တစ်စုသည်တောင်ယာမြေများကိုပင်ကြိုတင်ဝယ်ယူထား သည်ကိုတွေ့ရှိရပါသည်။

## ၁-၃။ အသက်မွေးဝမ်းကျောင်းဆိုင်စိန်ခေါ်မှုနှင့်အခက်အခဲများ

စိုက်ပျိုးသော
သီးနှံများမဖြစ်ထွန်းခြင်းနှင့်
မဖူလုံခြင်း

စိုက်ပျိုးရေးနှင့်
ကိုယ်ပိုင်လုပ်ငန်းများ
ထူထောင်ရန်အတွက်
ငွေကြေးအရင်းအနှီးမရှိခြင်း
(သို့) မလုံလောက်ခြင်းနှင့်
ငွေကြေးအရင်းအနှီးအတွက်
လက်လှမ်းမမီခြင်း။

ကိုယ်ပိုင်မြေယာမရှိခြင်း။

အလုပ်အကိုင်အ
ခွင့်အလှမ်းနည်းပါးခြင်း

ကုန်ဈေးနှုန်း
ကြီးမားခြင်း

စိုက်ပျိုးရေးလုပ်ငန်းများတွင်
အကျွမ်းမဝင်ခြင်းနှင့်
လုပ်ငန်းအတွေ့အကြုံမရှိခြင်း။

လုပ်ကိုင်စိုက်ပျိုးသော
မြေယာအချို့တွင်
မြေယာပိုင်ဆိုင်မှု အငြင်းပွားနေမှုများနှင့်
မြေယာအကန့်အသန့်များရှိခြင်း။
(ဥပမာ ပရေတော် ရွာသစ်ရွာဟောင်း
မြေယာပြဿနာ)

ဝယ်ယူထားသော
စိုက်ပျိုးမြေယာများ
အာမခံချက်မရှိခြင်း (ပုံစံ ၇)
မရှိခြင်း

# ၂။ မြေယာ

## ၂-၁။ မြေယာပိုင်ဆိုင်မှုဆိုင်ရာအသုံးချမှုဆိုင်ရာစစ်တမ်းများကောက်ယူရရှိချက်များ။

ကရင်နီဒုက္ခသည်စခန်းမှပြည်တွင်းပြန်လည်အခြေချသူမိသားစုငါးစုတွင်မတူညီသောမြေယာပိုင်ဆိုင်အသုံးပြုမှုပုံစံကိုတွေ့ရှိရသည်။ မြေယာပေါ်တွင်နေအိမ်တည်ဆောက်ခြင်းနှင့်အသက်မွေးဝမ်းကြောင်းဆိုင်ရာအသက်မွေးဝမ်းကျောင်းပြုသည်။ပြန်လည်အခြေချသူမိသားစုငါးစုအနက်တစ်စုသာလျှင်ကိုယ်ပိုင်နေအိမ်တည်ဆောက်နိုင်ရန်အတွက်မိဘမှအမွေအဖြစ်ခြံမြေတစ်ကွက်ပေးထားသည်။အခြားမိသားစုနှစ်စုမှာဆွေမျိုးများ၏မြေယာပေါ်တွင်ယာယီနေအိမ်တည်ဆောက်နေထိုင်ခွင့်ပြုထားသည်။ကျန်မိသားစုနှစ်စုမှာမူဆွေမျိုးအိမ်တွင်မှီခိုနေထိုင်နေကြရသည်။ပြန်လည်အခြေချသူမိသားစုငါးစုမှတစ်စုသာလျှင်ကိုယ်ပိုင်တောင်ယာမြေနှစ်ဧကဝယ်ယူပိုင်ဆိုင်ထားသည်။ထိုတောင်ယာမြေကိုတရားဝင်ပြန်လည်အခြေချမှုမတိုင်ခင်ကတည်းကပင်ကြိုတင်ဝယ်ယူထားသည်။အခြားမိသားစုတစ်စုမှာရွာသားများအခြားအငြင်းပွားနေသည့်မြေနေရာတွင်တောင်ယာလုပ်ကိုင်နေသည်ကိုတွေ့ရှိရသည်။အခြားမိသားစုတစ်စုမှာမူဆွေမျိုးတစ်ဦး၏မြေယာပေါ်တွင်အငှားဖြင့်လုပ်ကိုင်နေသည်ကိုတွေ့ရှိရသည်။ကျန်မိသားစုနှစ်စုမှာမိဘဆွေမျိုးနှင့်အတူမိသားစုဝင်များ၏လယ်ယာမြေပေါ်တွင်မှီခိုနေရသည်။

## ၂-၂။ မြေယာပိုင်ဆိုင်ရာတွေ့ရှိချက်များ

- မိသားစုတစ်စုသာလျှင်မိမိကိုယ်ပိုင်နေအိမ်တည်ဆောက်နိုင်ရန်အတွက်မိဘအမွေပေးထားသည်ကိုတွေ့ရှိရပြီးအခြားမိသာစုတစ်စုမှာကိုယ်ပိုင်တောင်ယာမြေနှစ်ဧကဝယ်ယူပိုင်ဆိုင်နေသည်ကိုတွေ့ရှိပါသည်။
- လုပ်ကိုင်စားသောက်သောမြေယာသည် အစိုးရနှင့်သော်လည်းကောင်းရွာသားအချင်းချင်းအကြားတွင်သော်လည်းကောင်းအသိအမှတ်မပြုခြင်းနှင့်မြေယာပိုင်ဆိုင်မှုပြဿနာများဖြစ်နေသောမြေယာများပေါ်တွင်လုပ်ကိုင်စားသောက်နေရသည်ကိုတွေ့ရှိရသည်။
- တရားဝင်ပိုင်ဆိုင်မြေယာ၊အိမ်ခြံများမရှိပဲနှုတ်အားဖြင့်သော်လည်းကောင်းနားလည်မှုဖြင့်သော်လည်းကောင်းမြေများတွင်နေထိုင်လုပ်ကိုင်စားသောက်နေရသည်ကို တွေ့ရှိရသည်။
- မိဘဆွေးမျိုးများ၏မြေနေရာများကိုသာမှီခိုအသုံးပြုနေကြရသည်ကို တွေ့ရှိရသည်။
- မြေယာခြံမြေ ဝယ်ယူနိုင်ရန်ငွေကြေးမတတ်နိုင်ခြင်း (သို့) မရှိခြင်း။

## ၂-၂။ စိန်ခေါ်မှုနှင့်အခက်အခဲ

ကိုယ်ပိုင်မြေယာ၊ ခြံမြေများမရှိခြင်း(သို့) တရားဝင်ပိုင် ဆိုင်မှုမရှိခြင်း

စိုက်ပျိုးမြေရေ ယာအကန့်အသန့်ရှိခြင်း နှင့်ချဲ့ထွင်စိုက်ပျိုးနိုင် သောမြေရေယာမရှိခြင်း

မြေယာအငြင်းပွားမှု ပြဿနာရှိခြင်း

# ၃။ နိုင်ငံသားဆိုင်ရာအထောက်အထားများ

## ၃-၁။ နိုင်ငံသားဆိုင်ရာအထောက်အထားများ နှင့်စပ်လျဉ်းပြီး စစ်တမ်းကောက်ယူရရှိသောအ ချက်များ။

ကရင်နီဒုက္ခသည်စခန်းမှပြန်လည်အခြေချသည့်မိသားစုငါးစုတွင်မိသားစုဝင်အားလုံးနီးပါးတွင်မြန်မာနိုင်ငံသားဆိုင်ရာအထောက်အထားများရှိကြသည်။ဒုက္ခသည်စခန်းတွင်မွေးဖွားကြတဲ့ကလေးငယ်များနှင့်ဒုက္ခသည်စခန်းတွင်မွေးဖွားပြီးအရွယ်ရောက်သူတစ်ဦးသာလျှင်မြန်မာနိုင်ငံသားအထောက်အထားမရှိသည်ကိုတွေ့ရှိရသည်။အချို့သောမိသားစုများသည်တရားဝင်ပြန်လည်အခြေချခြင်းမပြုမှီကပင်လျှင်အိမ်ထောင်စုစာရင်းရှိထားနှင့်ပြီးဖြစ်ပါသည်။အိမ်ထောင်စုစာရင်းတွင်အမည်မပေါက်သေးသည့်မိသားစုဝင်ကလေးများနှင့်နိုင်ငံသားလုံးဝမရှိသည့်ပြန်လည်အခြေချသူများကိုစာရင်းကောက်ယူပြီးသက်ဆိုင်ရာမြို့နယ်အလိုက်နိုင်ငံသားအထောက်အထားများထုတ်ပေးပါသည်။ယခုစစ်တမ်းကောက်ယူသည့်ကာလအတွင်းတွင်အချို့သောမိသားစုများသည်နိုင်ငံသားကဒ်ပြန်လည်ရရှိသည့်မိသားစုဝင်များရှိသလိုလုပ်ငန်းအကောင်အထည်ဖော်နေသည့်စောင့်ဆိုင်းနေရသည့်မိသားစုဝင်များလည်းရှိပါသည်။နိုင်ငံသားစိစစ်ရေးကဒ်ရရှိခြင်းသည်သက်ဆိုင်ရာမိသားစုဝင်၏အချက်လက်နှင့်သက်ဆိုင်ရာမြို့နယ်လဝကရုံးတို့လုပ်ငန်းအကောင်အထည်ဖော်မှုပေါ်တွင်မူတည်နေသည်ကိုလည်းသိရှိရပါသည်။

## ၃-၂။ နိုင်ငံသားအထောက်အထားဆိုင်ရာတွေ့ရှိချက်များ

၁

မိသားစုဝင်အားလုံး၏ မိဘများသည် မြန်မာနိုင်ငံသားကဒ်ပြား ကိုင်ဆောင်ထားသူများ (သို့) ရှိထားသူများဖြစ်သည်။

၂

မိသားစုတစ်စု၏ မိခင်သာလျှင် မြန်မာနိုင်ငံသားကဒ်ပြား ကိုင်ဆောင်ခြင်း (သို့) ရှိထားခြင်း မရှိသည်ကို တွေ့ရပါသည်။

၃

မိသားစုအချို့မှာပြန်လည်အခြေချခြင်းမပြုမီကပင်လျှင်အိမ်ထောင်စုစာရင်းတွင်ကလေးအမည်စာရင်းသွင်းထားပြီးသာဖြစ်သည်ကိုတွေ့ရှိရပါသည်။

၄

အိပ်ထောင်စုစာရင်းတွင် အမည်မပေါက်သေးသည့်ကလေးများနှင့်နိုင်ငံသားကဒ်လုံးဝမရှိသေးသည့်ပြန်လည်အခြေချသူများအမည်စာရင်းနှင့်အချက်အလက်များကို ပြန်လည်ဝင်ရောက်လာသည့် နေ့ရက်နေရာ (မေလ ၇ရက်နေ့ ၂၀၁၈ခုနှစ်၊ မယ်စဲ့မြို့နယ်ခန်းမ)တွင် ကောက်ယူသည်ကို တွေ့ရှိရသည်။

## ၃-၃။ စိန်ခေါ်မှုနှင့်အခက်အခဲ

နိုင်ငံသားကဒ်မရှိသည့် အရွယ်ရောက်သူများအတွက် ယာယီသက်သေခံကဒ်ပြား စီမံထားမှုမရှိခြင်း။

တိကျသည့်အချိန်ကာလနှင့် ပေးဆောင်ရမည့် အချက်အလက်များကို ရှင်းလင်းတိကျစွာ စီမံထားမှုမရှိခြင်း။

နိုင်ငံသားကဒ်ပြားနှင့် အိမ်ထောင်စုစာရင်း အမြန်ရရှိနိုင်ရန်အတွက် သွားရောက်ဆက်သွယ်ရမည့် နေရာအချိန်ကာလ အသိပေးအကြောင်းကြားထားခြင်းမရှိခြင်း။

မြို့နယ်၊ ခရိုင်နှင့် ပြည်နယ်အဆင့် အချက်အလက်ဆိုင်ရာ ချိတ်ဆက်ထားမှုအားနည်းခြင်း

# ၄။ ကျန်းမာရေး

## ၄-၁။ကျန်းမာရေးဆိုင်ရာစပ်လျဉ်းသည့် စစ်တမ်းကောက်ယူရရှိသော အချက်အလက်များ။

ကရင်နီဒုက္ခသည်စခန်းမှပြန်လည်အခြေချသူသည့်မိသားစုဝင်ငါးစုလုံးနီးပါသည်ယခုစစ်တမ်းကောက်ခံသည့်ကာလအထိကျန်းမာရေးဆိုင်ရာပြသနာဆိုးဆိုးဝါးဝါးနှင့်ရင်ဆိုင်ခြင်းမရှိသေးသည်ကိုတွေ့ရှိရပါ သည်။ သို့သော်လည်း ပြန်လည်အခြေချသူမိသားစုဝင်များထဲမှကလေးငယ်အချို့သည်ရာသီဥတုအပြောင်းအလဲကြောင့်ဖျားနာသည်ကိုသိရှိခဲ့ရပါသည်။တရားဝင်ပြန်လည်ဝင်ရောက်စဉ်ထုတ်ပေးသောဆေးရုံလက်မှတ်ရှိသော်လည်းဆေးရုံတက်ချိန်တွင်လိုအပ်သောဆေးဝါးနှင်ပစ္စည်းကိရိယာများကိုသက်ဆိုင်ရာမိသားစုကပင်ဝယ်ယူအသုံးပြုရသည်ကိုစစ်တမ်းအရသိရှိရသည်။ကျေးလက်ဆေးပေးခန်းသော်လည်းဆေးဝါးမရှိခြင်းနှင့်အချိန်ပြည့်ကျန်းမာရေးဝန်ထမ်းမရှိခြင်းစသည့်ပြသနာများကိုလည်းကြုံတွေ့ရပါသည်။ထိုကြောင့်မြို့နယ်ဆေးရုံကြီးသို့သွားရောက်ပြသကုသရသည့်အတွက်သွားလာရေးနှင့်ခရီစရိတ်ကုန်ကျမှုများသည်ကိုလည်းစစ်တမ်းအရသိရှိရပါသည်။

## ၄-၂။ကျန်းမာရေးဆိုင်ရာတွေ့ရှိချက်များ

၁

ကျေးလက်ဆေးပေးခန်းများရှိပါသော်လည်း ဆေးဝါးမရှိခြင်း(သို့) မပြည့်စုံခြင်း နှင့် အချိန်ပြည့်ဝန်ထမ်းမရှိခြင်း။

၂

ကျန်းမာရေးဆိုင်ရာ အသိပညာပေးလုပ်ငန်း မရှိခြင်း (သို့) အလွန်အမင်းအားနည်းခြင်း။

၃

ပြန်လည်ဝင်ရောက်ချိန်တွင် ထုတ်ပေးသော ကျန်းမာရေးကဒ် (သို့)ဆေးရုံလက်မှတ်သည် အခမဲ့ကုသပေးမည်ဟု ဆိုသောအချက်နှင့်ကွဲလွဲနေသည်

၄

မြို့နယ်ကျော်ပြီး သွားရောက်ကုသရာတွင် ဝန်ဆောင်မှုဆိုင်ရာ စိန်ခေါ်မှုများခြင်း။

## ၄-၃။ အခက်အခဲနှင့်စိန်ခေါ်မှု

- ပြန်လည်ဝင်ရောက်ချိန်တွင် အစိုးရမှဆေးရုံလက်မှတ် ထုတ်ပေးထားသော်လည်း လက်တွေ့တွင် အခြားသူများနည်းတူ ကျန်းမာရေးစာရိတ် ပေးဆောင်နေရခြင်း။
- မိသားစုဝင်များ၏ မိသားစုကျန်းမာရေးအချက် အလက်များကို လွဲပြောင်းပေးအပ်ခြင်း (သို့) ချိတ်ဆက်ခြင်းဆိုင်ရာ စီမံမှုမရှိခြင်း။
- ကျန်းမာရေးအသုံးစရိတ်အတွက် ငွေကြေးအခက်အခဲရှိခြင်း။

# ၅။ ပညာရေး

## ၁-၁။ ပညာရေးဆိုင်ရာ စစ်တမ်းကောက်ယူရရှိသော အခြေအနေနှင့် အချက်လက်များ။

ကရင်နီဒုကၡသည်စခန်းမှပြန်လည်အခြေချသည့်မိသာစုငါးစုမှလေးစုမှာမူကြိုကျောင်းနှင့်အခြေခံပညာကျောင်းနေအရွယ်ကလေးသူငယ်(၉)ဦးပါဝင်သည်။ထိုကလေးများထဲမှတစ်ဦးသာလျှင်ဒုကၡသည်စခန်းကပင်ကျောင်းမတက်တော့သည့်လူငယ်တစ်ဦးပါဝင်သည်။ အချို့ကလေးများသည်ကယား(ကရင်နီ)ပြည်နယ်တွင်ကျောင်းနေဖူးသည်။အချို့ကလေးမှာလည်းတရားဝင်ပြန်လည်ဝင်ရောက်မှု မတိုင်ခင်ကပင်လျှင် လွိုင်ကော်တွင် ကျောင်းတက်နေသည့် ကလေးပါဝင်သည်။ မည်သို့ပင်ဖြစ်စေဒုကၡစခန်းမှ(၈)တန်းအောင်ပြီး(၉)တန်းပြန်နေသည့်ကျောင်းသား/သူနှစ်ဦးမှာနှစ်ပါတ်အတွင်းကျောင်းဆက်မနေနိုင်ပဲကျောင်းထွက်သွားသည်။ကျောင်းထွက်ရသည့်အကြောင်းရင်း အားလေ့လာရာတွင်ဘာသာရပ်ဆိုင်ရာအားနည်းခြင်း၊ဘာသာရပ်တွဲများရွေးချယ်ရာတွင်သိရှိနားလည်မှုမရှိခြင်းနှင့်မြန်မာစာအားနည်းခြင်းနှင့်ကျောင်းနေဖက်သူငယ်ချင်းမရှိခြင်းစသည့်အချက်များကိုစစ်တမ်းအရသိရှိရသည်။ထို့အတူမိဘနှင့်ကလေးကိုယ်တိုင်ပညာရေးတွင်စိတ်အားထက်ထန်ခြင်းအားနည်းနေသည်ကိုလည်းတွေ့ရှိရပါသည်။

## ၅-၂။ ပညာရေးဆိုင်ရာတွေ့ရှိချက်များ

၁

သင်ကြားမှုဆိုင်ရာပုံစံနှင့် သင်ရိုးညွှန်းတမ်းကွာဟခြင်း

၂

အထက်တန်းနေကလေးများအတွက်ဘာသာရပ်ဆိုင်ရာကြို
တင်ပြင်ဆင်ခြင်း၊သင်ကြားပေးခြင်းမရှိခြင်း(ပညာရေးပေါင်းကူး
အစီအစဉ်မရှိသေးခြင်း)

၃

မြန်မာစကားအပြောအဆို အရေးအဖတ်အားနည်းခြင်း

၄

မသင်ကြားဘူးသည့် ဘာသာရပ်များ သင်ကြားရခြင်

## ၅-၃။ အခက်အခဲနှင့်စိန်ခေါ်မှုများ

ကျောင်းသင်ထောက်ကူ
ပစ္စည်းလုံ
လောက်မှုမရှိခြင်း

မူကြိုကျောင်း
ကလေးများအတွက်လစဉ်
ကြေးပေးဆောင်ရခြင်း

စားဝတ်နေရေးအတွက်
ရုန်းကန်ရသဖြင့်
ကလေးများ၏ ပညာရေးအတွက်
ချိန်မပေးနိုင်ခြင်း။

ပညာရေးစရိတ်အတွက်
ငွေကြေးခက်ခဲခြင်း။

# ၆။ လုံခြုံမှုဆိုင်ရာ (စိတ်ပိုင်းရုပ်ပိုင်း)

## ၆-၁။ ၁။ လုံခြုံရေးဆိုင်ရာ စစ်တမ်းကောက်ယူရရှိသောအခြေအနေနှင့်အချက်အလက်များ။

ကရင်နီဒုက္ခသည်စခန်းမှပြည်တွင်းသို့ပြန်လည်အခြေချသူမိသားစုငါးစု၏မိသားစုဝင်များအားလူတွေ့စစ်တမ်းကောက်ယူရာတွင်မိသားစုဝင်အားလုံးနီးပါးသည်ယခုလက်ရှိအခြေအနေတွင်သွားလာနေထိုင်လုပ်ကိုင်စားသောက်ရာတွင်လုံခြုံမှုရှိသည်ဟုပြန်လည်ဖြေဆိုကြပါသည်။မည်သို့ပင်ဖြစ်စေမိသားစုဝင်အချို့မှာမိမိတို့နေထိုင်သောဒေသနှင့်လူမှုပါတ်ဝန်းကျင်အလျှောက်ငြင်းတို့၏သားသမီးအတွက်ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုအတွက်စိုးရိမ်ကြသည်ကိုတွေ့ရှိရပါသည်။ပြန်လည်အခြေချသူတစ်ဦးမှာမူစိတ်ပိုင်းဆိုင်ရာအရလက်နက်အပြည့်အစုံတပ်ဆင်ထားသောစစ်တပ်များတွေ့လျင်စိုးရိမ်ထိန့်လန့်လေ့ရှိသည်ကိုသိရပါသည်။

## ၆-၂။ လုံခြုံရေးဆိုင်ရာတွေ့ရှိချက်များ

ပြန်လည်အခြေချသူအားလုံးနီးပါးတွင်မြန်မာနိုင်ငံသားစီစစ်ရေးကဒ်ပြားများရှိကြသည်ကိုတွေ့ရှိရသည်။(မှတ်ချက်။ ။ဒုက္ခသည်စခန်းတွင်မွေးဖွားသောကလေးအချို့သည်သာလျှင်အိမ်ထောင်စုစာရင်းတွင်အမည်မပေါက်သေးပေ)

မိသားစုဝင်တစ်ဦးသာလျှင်(အသက်ကြီးပိုင်း)ဒုက္ခသည်စခန်းတွင်မွေးဖွားကြီးပြင်းပြီးကျန်မိသားစုဝင်အားလုံးသည်ကရင်နီပြည်တွင်မွေးဖွားကြီးပြင်းကြသည်ကို တွေ့ရှိရသည်။

ပြန်လည်အခြေချသူများအားလုံးနီးပါးသည်တရားဝင်ပြန်လည်အခြေချမှုမတိုင်မှီတွင်မြန်မာနိုင်ငံသို့အကြိမ်ရည်များစွာဝင်ထွက်သွားလာကြသည်ကို တွေ့ရှိရသည်။

ပြန်လည်အခြေချသူများသည်မိမိတို့ရင်းနှီးကျွမ်းဝင်သောဒေသ(သို့) ဆွေမျိုးသားခြင်းများနေထိုင်သည့်အရပ်ဒေသတွင်ပြန်လည်အခြေချသည်ကို တွေ့ရှိရသည်။

## ၆-၃။ စိန်ခေါ်မှုနှင့်အခက်အခဲ

နှစ်သိမ့်အားပေးမှု
နှင့်စိတ်ပိုင်းဆိုင်ရာကုစားမှုများ
လုပ်ငန်းစီမံချက်များမရှိ
သေးခြင်း။

သိုသိုသိပ်သိပ်နေထိုင်သွားလာ
လုပ်ကိုင်စား
သောက်နေသေးခြင်း။

ငြိမ်းချမ်းရေးနှင့်
နိုင်ငံရေးမတည်ငြိမ်မည်ကိုစိုးရိမ်ခြင်း။

## သုံးသပ်ချက်

ကရင်နီပြည်(ကယားပြည်နယ်)သို့မိမိဆန္ဒအလျောက်ပြန်လည်အခြေချသည့်မိသားစု(၅)စုမှမိသားစုဝင်များသည်(UNHCR)၏မိမိဆန္ဒအလျောက်ပြန်လည်အခြေချသည့် လုပ်ငန်းစီမံကိန်းမစတင်မီကပင်လျှင်ကယားပြည်နယ်အတွင်းသို့ ကြိမ်ဖန်များစွာ ဝင်ထွက်ခဲ့ကြပြီးမိမိတို့ပြန်လည်အချေချနိုင်ရန်အတွက်လူမှုစီးပွားရေးဆိုင်ရာသုံးသပ်ချက်များ၊နေထိုင်လိုသည့်ဒေသ၊ဖြစ်နိုင်ချေရှိသည့်အသက်မွေးဝမ်းကြောင်းအခွင့်အလမ်းများကိုအကြေအလည်ဆန်းစစ်ခဲ့ကြသည်ကိုစစ်တမ်းအရသိရှိပါသည်။အချို့မိသားစုဝင်များသည်တရားဝင်ပြန်လည်ဝင်ရောက်မှုမတိုင်ခင်ကပင်တစ်နှစ်ဆက်တိုက်ပြည်တွင်းတွင်အခြေချနိုင်ရန်အတွက်အိုးအိမ်၊မြေယာနှင့်ကလေးများ၏ပညာရေးအတွက်ကြိုတင်ပြင်ဆင်ထားသည်ကိုတွေ့ရှိရသည်။အချို့မိသားစုဝင်သည်အိမ်ထောင်စုစာရင်းနှင့်နိုင်ငံသားစီစစ်ရေးကဒ်ပြားများကိုပင်တရားဝင်ပိုင်ဆိုင်ထားပြီးဖြစ်နေသည်ကိုလည်းတွေ့ရှိရပါသည်။ပထမအသုတ်အဖြစ်ပြန်လည်ဝင်ရောက်လာသည့် ကရင်နီဒုက္ခသည်များအားလုံးနီးပါးသည်ကယားပြည်နယ်တွင်မွေးဖွားကြီးပြင်းခဲ့ကြပြီးနှစ်ကာလအားဖြင့်ကယားပြည်နယ်၏လူမှုစီးပွားရေး၊ဒေသန္တရအခြေနေနှင့်ရင်းနှီးသောသူအများစုဖြစ်ပြီးလူမှုဘဝပြန်လည်ပေါင်းကူးထူထောင်နိုင်ရန်အတွက်လွယ်လင့်တကူဖြစ်နေသောဒုက္ခသည်များဖြစ်သည်ကိုတွေ့ရှိရပါ -သည်။

မည်သို့ပင်ဖြစ်စေကာမူပထမအသုတ်ပြန်လည်အခြေချသူများသည်စိန်ခေါ်မှုများစွာဖြင့်မရေရာလှသည့်အခြေနေအောက်တွင်ရပ်တည်နေသည်ကိုလည်းတွေ့ရှိနေရပါသည်။ယခုကဲ့သို့ဖြစ်နေရခြင်းမှာလည်းသက်ဆိုင်ရာတာဝန်ရှိသည့်အစုအဖွဲ့များ၏ကြိုတင်ပြင်ဆင်မှု၊ဝန်ဆောင်မှု၊သတင်းအချက်အလက်နှင့်ချိတ်ဆက်လုပ်ဆောင်မှုများအားနည်းနေခြင်းကြောင့်ဖြစ်ပါသည်။ဥပမာအားဖြင့်အိမ်ယာနှင့်စိုက်ပျိုးမြေယာကိစ္စတွင်များစွာသောစိန်ခေါ်မှုနှင့်ကြုံတွေ့နေကြသည်။ပြန်လည်အခြေချသူမိသားစု(၅)စုတွင်နှစ်စုသာလျှင်မိမိတို့ကိုယ်ပိုင်အိမ်တွင်နေထိုင်နိုင်ပြီးအခြားမိသားစု(၃)စုမှာဆွေမျိုးမိဘအိမ်တွင်မှီခိုနေထိုင်နေကြရသည်ကိုတွေ့ရှိရပါသည်။ ကိုယ်ပိုင်အိမ်မိသားစုနှစ်စုမှာလည်းကိုယ်ပိုင်အိမ်တည်ဆောက်နေထိုင်နိုင်သော်လည်းဆွေမျိုးများ၏ခြံမြေပေါ်တွင်အိမ်ဆောက်နေထိုင်ခွင့်ပေးထားသဖြင့် မည်သည့်အချိန်တွင် ထိုအိမ်ခြံမှဆင်းပေးရမလဲဆိုသည့်စိုးရိမ်ချက်ဖြင့်နေထိုင်နေရသည်ကိုလည်းသိရှိရသည်။

ရေရှည်အသက်မွေးဝမ်းကြောင်းအတွက်မသေခြာမရေရာလှသည်ကိုလည်းတွေ့ရသည်။မိသားစု(၄)စုတွင်ကိုယ်ပိုင်လယ်ယာ၊တောင်ယာခင်းမရှိသည်ကိုလည်းတွေ့ရသည်။ထိုမိသားစုဝင်များသည်ဆွေးမျိုးများ၏မြေယာပေါ်တွင်လည်းကောင်း၊မိသားစုဝင်များနှင့်သော်လည်းကောင်း၊မြေယာအငြင်းပွားဖြစ်နေသည့်မြေပေါ်တွင်စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကြောင်းပြုနေရသည်။ ကိုယ်ပိုင်ခြံမြေနှင့်

နှင့်အိမ်ယာမရှိခြင်းသည် မိသားစုဘဝထူထောင်ရေးတွင် ကြီးမားလှသည့် စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။အခြားတစ်ဘက်တွင်အသက်မွေးဝမ်းကြောင်းပြုနိုင်ရန်အတွက်လိုအပ်သည့်အလုပ်အကိုင်အခွင့်အလမ်းနှင့်ရင်းနှီးမတည်ငွေမရှိခြင်းသည်လည်းလတ်တလောစိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။နိုင်ငံသားစီစစ်မှုနှင့်အိမ်ထောင်စုစာရင်းလုပ်ငန်းစဉ်တွင်လည်းကြန့်ကြာမှုများနှင့် ရင်ဆိုင်ရသည်ကို တွေ့ရှိသည်။ပြန်လည်အခြေချသူတစ်ဦးမှအပကျန်သူများသည်နိုင်ငံသားစီစစ်ရေးကပ်ရှိထားသူများ(သို့)မိဘနှစ်ပါးမှနိုင်ငံသားစီစစ်ရေးကဒ်ရှိထားသဖြင့်နိုင်ငံသားစီစစ်ရေးကဒ်(သို့)အိမ်ထောင်စုစာရင်းသွင်းရာတွင်လွယ်ကူချောမောသည်ကိုလည်းတွေ့ရသည်။အခြားတစ်ဘက်တွင်လည်းနိုင်ငံသားစီစစ်ရေးကဒ် မရှိသော ပြန်လည်အခြေချသူတစ်ဦးမှာ ၅လနီးပါးကြာသည့်တိုင်အောင်နိုင်ငံသားစီစစ်ရေးကဒ်လက်ဝယ်ပိုင်ဆိုင်နိုင်ခြင်းမရှိသေးသည်ကိုလည်းသိရှိရသည်။တွေ့ရှိချက်အရနိုင်ငံသားစီစစ်ရေးလုပ်ငန်းစဉ်တွင်နိုင်ငံတော်အဆင့်မှပြည်နယ်အဆင့်မြို့နယ်အဆင့်များတွင်လုပ်ငန်းချိတ်ဆက်မှုအားနည်းနေသည်ကိုတွေ့ရသည်။ယခုပြန်လည်အခြေချသည့်အတုတ်သည်နိုင်ငံသားဆိုင်ရာအချက်အလက်သည်အလွန်ရိုးရှင်းပါသော်လည်းယခုကဲ့သို့ကျန့်ကြာသော်နောင်တွင်ယခုထက်ရှုပ်ထွေးသောပြန်လည်ခြေချသူများပါဝင်လာပါကမလိုလားအပ်သောအချိန်ကျန့်ကြာမှုကြောင့်နိုင်ငံသားဆိုင်ရာအခြေခံအခွင့်အလမ်းများဆုံးရှုံးနိုင်ပေသည်။

ကလေးများဆက်လက်ပညာသင်ကြားနိုင်ရန်အတွက်မူလတန်းနှင့်အလယ်တန်းအဆင့်များတွင်အခက်အခဲမရှိသော်လည်းအထက်တန်းတွင်ပညာပြန်လည်သင်ယူသောကလေးနှစ်ဦးမှာအခက်အခဲမျိုးစုံကြောင့်တစ်လအတွင်းတွင်ကျောင်းထွက်လိုက်ရသည်။ကျောင်းထွက်ရသည့်အဓိကအခက်အခဲမှာပေါင်းကူးပညာရေးစနစ်အတည်တကျဖော်ဆောင်ထားခြင်းမရှိခြင်းကြောင့်ပင်ဖြစ်သည်။ကြားကာလပေါင်းကူးပညာရေးသည်ကလေးများအတွက်မတူညီသောပညာရေးစနစ်နှစ်ခုအကြားကလေးများအတွက်အထူးလိုအပ်သည်။ထိုကြားကာလပညာရေးပေါင်းကူးအစီအစဉ်သည်ကလေးဦးရေအနည်းအများပေါ်တွင်မူတည်ပြီးဖော်ဆောင်ရန်မဟုတ်ပဲကလေးတစ်ဦးစီတိုင်းအတွက်ကျောင်းတိုင်းတွင်စီမံဖော်ဆောင်ထားရမည်ဖြစ်သည်။နောက်ဆုံးစိတ်မကောင်းဖွယ်ရာအချက်မှာမိမိဆန္ဒအလျောက်ပြန်လည်အခြေချသူများအတွက်ရပ်ရွာလူမှုအတိုင်းအဝန်းနှင့်လူမှုပေါင်းစည်းရေး၊စိတ်ပိုင်းဆိုင်ရာကုစားနှစ်သိမ့်ရေးအစီအစဉ်များလုံးဝမရှိခြင်းပင်ဖြစ်သည်။စစ်တမ်းကောက်ယူသည့်အချိန်တွင်လူမှုပေါင်းစည်းရေးတွင်အခက်အခဲမရှိသည်ကိုသိရသော်လည်းယခု(၅)လအတွင်းတွင်ပြန်လည်အခြေချသူနှင့်ရပ်မိရပ်ဖအချို့အကြားတွင်မမျှော်လင့်သောကွာဟမှုများကိုစတင်တွေ့ရှိလာရသည်။

အချုပ်အားဖြင့်ပြည်နယ်အစိုးရသည်စိန်ခေါ်မှုများနှင့်အခက်အခဲများကိုဖြေလျှော့နိုင်ရန်အတွက်ရေရှည်တည်တံ့သည့်မြေယာခြံမြေနှင့်အသက်မွေးဝမ်းကျောင်း၊တိကျရှင်းလင်းသည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊စိတ်ပိုင်းရုပ်ပိုင်းပြန်လည်ထူထောင်ရေးလုပ်ငန်းစီမံကိန်းများဖော်ဆောင်ထားခြင်းမရှိပေ။ အခြားတစ်ဖက်တွင် မိမိဆန္ဒအလျောက်နေရပ်ပြန်သူများလုပ်ငန်းစဉ်အဆင့်(၁၁)ဆင့်တွင်လည်းပွင့်လင်းမြင်သာမှုအားနည်းသည်ကိုတွေ့ရှိရသည်။ထိုသို့ဆိုလိုရခြင်းမှာမိမိဆန္ဒအလျောက်ဆိုပါ

သော်လည်းသက်ဆိုင်ရာစခန်းကော်မတီးနှင့်ချိတ်ဆက်ဆောင်ရွက်မှုမရှိခြင်း၊သက်ဆိုင်ရာကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများပေးနေသော အစုအဖွဲ့များနှင့်တိုင်ပင်ညှိနိုင်းမှုမပြုခြင်းသည်လည်းပြန်လည်အခြေချသူများ၏ကျန်းမာရေး၊ပညာရေးဆိုင်ရာစဉ်ဆက်မပြတ်သော ပံ့ပိုးကူညီနိုင်မှုဆိုင်ရာဝန်ဆောင်မှုများကိုသွယ်ဝိုက်သောအားဖြင့် ဆိုးကျိုးသက်ရောက်စေသည်။

## အကြံပြုချက်

၁။ မိမိဆန္ဒအလျှောက်နေရပ်ပြန်ရေး အဆင့် (၁၁)ပါ အဆင့်တွင် လာရောက်စာရင်းပေးသွင်းအဆင့်တွင် မိမိပြန်လည်နေထိုင်လိုသောအရပ်တွင်အသက်မွေးဝမ်းကျောင်းပြုနိုင်ရန်အတွက်နှင့် နေထိုင်ရန်အတွက် မြေယာပိုင်ဆိုင်မှု (သို့) ရရှိနိုင်မှုကို အဓိကထားပြီး စီစစ်ပေးရန် **(UNHCR)** အားအထူးအလေးထားပြီး စီစစ်ပေး ပါရန်အထူးတိုက်တွန်းနိုးဆော် အပ်ပါသည်။

၂။ ပြည်တွင်းစစ်ကြောင့်တိုက်ရိုက်ဖြစ်စေသွယ်ဝိုက်ပြီးဖြစ်စေ မိမိတိုင်းပြည်မှ ထွက်ပြေးသိမ်းရှောင်ခဲ့ရသဖြင့် မိမိဆန္ဒအလျှောက်ပြန်လာအခြေချသူများအတွက် စီမံကိန်းများ ဖော်ဆောင်ရာတွင် သက်ဆိုင်ရာ မြန်မာနိုင်ငံအစိုးရနှင့် **(KNPP)** သော်လည်းကောင်း အခြားသော လက်နက်ကိုင်အဖွဲ့အစည်းများ သော်လည်းကောင်း ပြန်လည်အခြေချသူများအရေးကို အတူတကွစီမံပူးပေါင်း ပံ့ပိုးရန်အထူး တိုက်တွန်းနိုင်းဆော် အပ်ပါသည်။

၃။ မြန်မာနိုင်ငံအစိုးရနှင့် ထိုင်းနိုင်ငံအကြားချုပ်ဆိုသည့် ဒုက္ခသည်ပြန်လည်နေရာချထားရေးနှင့် စပ်လျဉ်းသည့် **MOU** ပါအချက်လက်များကို သက်ဆိုင်ရာပြည်နယ်အတွင်းရှိအပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊အရက်ဖက်လူမှုအဖွဲ့အစည်းများနှင့်ရပ်မိရပ်ဖများအားအသိပေးခြင်းသော်လည်းကောင်း၊လူမှုဘဝပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းစီမံကိန်းများကိုဖော်ဆောင်ရာတွင်ပူးပေါင်းပါဝင်နိုင်စေရန်အတွက်ကော်မတီ(သို့) လုပ်ငန်းအဖွဲ့ ဖွဲ့စည်းပြီး ဖော်ဆောင်နိုင်ရန် တိုက်တွန်းအပ်ပါသည်။

၄။ ပွင့်လင်းမြင်သာပြီးသတင်းအချက်အလက်ပြည့်စုံသည့်ရေတိုရေရှည်လူသားချင်းဆိုင်ရာအထောက်အပံ့မှုများကိုစနစ်တကျဖြင့် အစိုးရသော်လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှသော်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့များနှင့် အရပ်ဖက်အဖွဲ့အစည်းများမှ ဖော်ဆောင်ပြီး သုံးနှစ်အတွင်း အစဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ရန် အထူးတိုက်တွန်း နိုးဆော်အပ် ပါသည်။

၅။ မိမိဆန္ဒအလျောက်ပြန်လည်အခြေချသူများအတွက်ဘဝပြန်လည်ထူထောင်နိုင်ရန်အတွက်မရှိမဖြစ်လိုအပ်သောမြေယာပိုင်ဆိုင်မှုနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ ကြိုတင်စီမံချက်များကို အထူးအလေးပေး စီမံထားရန် အထူးတိုင်တွန်း နိုးဆော်အပ်ပါသည်။

၆။ ရည်ရှည်အသက်မွေးဝမ်းကြောင်းပြုနိုင်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့်မတည်ငွေ (သို့) ချေးငွေများကိုလက်လှမ်းမှီနိုင်ရန် အထူးစီမံချက်ဖြင့် ဖော်ဆောင်ပေးရန် အထူးတိုက်တွန်းအပ်ပါသည်။

၇။ မြေယာပိုင်ဆိုင်မှုနှင့်စပ်လျဉ်ပြီး မြေယာအငြင်းပွားမှုမရှိစေရန် သက်ဆိုင်ရာဒေသရှိအာဏာပိုင်များ၊ လက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖတို့နှင့်အကျေအလည်ဆွေးနွေးပြီး မြေနေရာများသတ်မှတ်ပေးရန် အထူးအလေးထားတိုက်တွန်းနိုးဆော် အပ်ပါသည်။

၈။ ကလေးငယ်များ၏ ပညာရေးဆိုင်ရာ ပေါင်းကူးရေးအစီအမံများကို ဒေသအခြေအနေနှင့်ကိုက်ညီသည့် ပြည်နယ်အဆင့် မူဝါဒ တရပ်ကိုရေးဆွဲနိုင်ရန်အတွက်သက်ဆိုင်ရာ ပညာရေးဌာနများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းတို့နှင့် ရေးဆွဲဖော်ဆောင်ရန် အထူးတိုက်တွန်းနိုးဆော်အပ်ပါသည်

၉။ လူ့ဂုဏ်သိက္ခာရှိစွာဖြင့် လူမှုပတ်ဝန်းကျင်အတွင်း ပြန်လည်ထူထောင်နိုင်ရန် အတွက် စီမံကိန်းများ ဖော်ဆောင်ရန် အထူးလိုအပ်သည်။ ထိုသို့ဖော်ဆောင်ရာတွင် သက်ဆိုင်ရာ လူမျိုးစုများ၊ ဘာသာရေးအစုအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဦးဆောင်စေပြီး အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ အားပေးအားမြှောက်ပေးပါရန် အထူးတိုက်တွန်းနိုးဆော်အပ်ပါသည်။

၁၁။ စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာလုံးခြုံရေးနှင့်ကုစားနှစ်သိမ့်မှုဆိုင်ရာအစီအမံကိုအစိုးရသော်လည်းကောင်း၊အရပ်ဖက်အဖွဲ့အစည်းသော်လည်း ကောင်းစနစ်တကျ ဖော်ဆောင်ပေးနိုင်ပါရန် အထူးတိုက်တွန်းအပ်သည်။

၁၀။ နိုင်ငံသားအထောက်အထားအချက်အလက်များတိကျမှန်ကန်ပြီးအချိန်နှင့်တပြေးညီရရှိစေနိုင်ရန်အတွက်အထူးအလေးပေး ကြပ်မတ်ပေးနိုင်ပါရန် တိုက်တွန်းအပ်ပါသည်။

၁၂။ ပြန်လည်အခြေချသူများ၏ကျန်းမာရေးဆိုင်ရာသတင်းအချက်အလက်ချိတ်ဆက်မှုလုံးဝမရှိခြင်း(သို့)အားနည်းနေခြင်းသည်သက်ဆိုင်ရာမိသားစုအတွက်သော်လည်းကောင်း၊ပြန်လည်အခြေချသည့်ပတ်ဝန်းကျင်အတွက်သော်လည်းကောင်းနောင်တွင်ကြီးမားသည့်ဆိုးကျိုးများသက်ရောက်နိုင်ပါသဖြင့် ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များကို စနစ်တကျလွဲပြောင်းစီစစ်ခြင်းကိုဖော်ဆောင်ထားပါရန် အထူးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

## နိဂုံး (KnRRRWG ၏တိုက်တွန်းအကြံပြုချက်)

ကရင်နီဒုက္ခသည်ပြန်လည်နေရာချထားရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့သည်ထိုင်း–မြန်မာဒုက္ခသည်များဆိုင်ရာစာချွန်လွှာအရ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏အစီအစဉ်အဖြင့်မိမိဆန္ဒအလျောက်ပြန်လည်အခြေချသူများသော်လည်းကောင်း၊ ကိုယ်နည်းကိုယ့်ဟန်ဖြင့်ပြန်လည်ခြေချသည့်သူများအတွက်ပိုမိုထိရောက်အားကောင်းသောဒုက္ခသည်များကာကွယ်စောင့်ရှောက်ရေးနှင့်လူသားချင်းဆိုင်ရာအကူအညီထောက်ပံ့မှုဆိုင်ရာကဏ္ဍများတွင်တတ်အားသ၍ပါဝင်သွားမည့်အပြင်(**KnRRRWG**)အဖွဲ့အနေဖြင့်ပိုမိုအားကောင်းသောလူမှုဘဝပြန်လည်ပေါင်းစည်းထူထောင်ရေးလုပ်ငန်းစဉ်တွင်အစိုးရနှင့်သက်ဆိုင်ရာလက်နက်ကိုင်အဖွဲ့အစည်းများအကြားသော်လည်းကောင်း၊ မြန်မာနိုင်ငံအစိုးရနှင့်(**UNHCR**)(အရှေ့တောင်ခြမ်း)အကြားတွင်သော်လည်းကောင်းတိကျသည့် စာချွန်လွှာများ အမြန်ဆုံးရေးထိုး ပြီးအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူပေါင်းပေးနိုင်ပါရန် လေးနက်စွာ တိုက်တွန်းအပ်ပါသည်။